ACC Against COVID-19

# အစီအစဉ် ( ၂၉ )

## “COVID–19 ကာလ အဂတိလိုက်စားမှုတိုက်ဖျက်ရေး”

## တင်ပြသူ

ဦးသွင်လင်းအောင် (ဒါရိုက်တာ)
ပြည်သူ့မိတ်ဆွေအဖွဲ့ (GPS)
တရားမျှတမှုလက်လှမ်းမီနိုင်ရေးရှေ့ဆောင်အဖွဲ့ (A2JI)

# အဂတိလိုက်စားမှု (Corruption) အဓိပ္ပါယ်ဖွင့်ဆိုချက်




- ဖွင့်ဆိုမှုအမျိုးမျိုးရှိကြသည်

- ယေဘုယျအကျဆုံးနှင့် အကြိုက်ဆုံးဖွင့်ဆိုချက်မှာ ..

- “လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်း”

  (Transparency International)





# အဂတိဖော်မြူလာ




- လုပ်ပိုင်ခွင့်အာဏာ
- ဆင်ခြင်တုံတရား
- အတ္တ
- အဂတိလိုက်စားမှု
- တာဝန်ခံမှု
- ကိုယ်ကျင့်သိက္ခာ











❖ လုပ်ပိုင်ခွင့်အာဏာ + ဆင်ခြင်တုံတရား+ အတ္တ = အဂတိလိုက်စားမှု – တာဝန်ခံမှု – ကိုယ်ကျင့်သိက္ခာ




- လုပ်ပိုင်ခွင့်အာဏာဟာ စီမံကြီးကြပ်အုပ်ချုပ်ရတဲ့ တာဝန်ရှိသူတိုင်းမှာ ရှိရပါတယ်။
- ဒါ့ကြောင့် လုပ်ပိုင်ခွင့်အာဏာရှိတိုင်း အဂတိလိုက်စားမှုဖြစ်ပြီလို့ ဆိုလို့တော့မရပါဘူး။
- အဂတိလိုက်စားမှုကိုဦးတည်သွားစေအောင် တွန်းအားပေးတဲ့အချက်တွေရှိလို့သာ အဂတိလိုက်စားမှုမြောက်ရတာဖြစ်ပါတယ်။
- အဂတိလိုက်စားမှုဖြစ်စေဖို့အတွက် ပထမဆုံးအနေနဲ့ လုပ်ပိုင်ခွင့်ဟာ Economic Rent (စီးပွားရေးအရပုံမှန်မဟုတ်ဘဲအကျိုးအမြတ်ရှိခြင်း) ရှိနိုင်တဲ့ အခြေအနေဖြစ်ဖို့လိုပါမယ်။

# Economic Rent (စီးပွားရေးအရပုံမှန်မဟုတ်သောအကျိုးအမြတ်ရှိခြင်း)



- လုပ်ပိုင်ခွင့်ဆိုတာ အစိုးရကဏ္ဍမှာပဲဖြစ်ဖြစ် ပုဂ္ဂလိကကဏ္ဍမှာပဲဖြစ်ဖြစ် ထိတွေ့ဆက်ဆံနေရသူတွေကို ဝန်ဆောင်မှုများပံ့ပိုးဖြည့်ဆည်းပေးရန် အပ်နှင်းထားသော အခွင့်အာဏာပဲဖြစ်ပါတယ်။
- ထိုသို့ဝန်ဆောင်မှုပေးသူများအတွက် သင့်လျော်ထိုက်တန်တဲ့ အကျိုးစီးပွားတစ်ခုကို သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ အစိုးရ/ပုဂ္ဂလိကဝန်ထမ်းအတွက်ဆို လစာဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်အတွက်ဆို သင့်တင့်တဲ့အမြတ်ငွေ ဖြစ်ပါတယ်။
- သို့သော် အခြေအနေတစ်ခုကြောင့် လုပ်ပိုင်ခွင့်ရှိသူရဲ့ ဝန်ဆောင်မှုကိုရယူရာမှာ ၎င်းတို့အတွက် တရားဝင်သတ်မှတ်ထားပြီးဖြစ်သော အကျိုးအမြတ်ထက်ပိုမိုရစေပြီဆိုရင် အဲ့ဒီအခြေအနေသစ်ကို Economic Rent ရစေတဲ့အခြေအနေလို့ ဆိုပါတယ်။

U Thwin Lin Aung

# Economic Rent (စီးပွားရေးအရပုံမှန်မဟုတ်သော အကျိုးအမြတ်ရှိခြင်းဥပမာများ)



- လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦး၏လက်မှတ်သည် သိန်းသောင်းချီမြတ်နိုင်တဲ့ စီမံကိန်းတစ်ခုကို လုပ်ခွင့်ပေးနိုင်တဲ့အခြေအနေမျိုးပါ။
- ၁၀၀၀ တန်တဲ့ ပစ္စည်းကိုပဲ ရှားရှားပါးပါးအပြိုင်ဝယ်ရလို့ သူများထက် နောက်ကျမသွားရအောင် ၂၀၀၀ ပေးဝယ်လိုက်တာမျိုးဟာလဲ ထိုပစ္စည်းပိုင်ရှင်စီးပွားရေးသမားအတွက် Economic Rent ရသွားစေတာပါပဲ။

ဆင်ခြင်တုံတရား/
လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်



- လုပ်ပိုင်ခွင့်အာဏာကို အထိန်းအကျောင်းမရှိ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်များ ပေးထားတဲ့အခြေအနေ ရှိဖို့လည်းလိုပါတယ်။ ဒါမှ အဂတိလိုက်စားမှု ဘောင်ထဲကိုရောက်ရှိသွားမှာဖြစ်ပါတယ်။ ဒါကတွန်းအားပါပဲ။



- ဒါကို Impunity Culture ချိုးဖောက်မှုရှိနေရက်နဲ့အရေးမယူဘဲ လျစ်လျူရှုထားတဲ့ယဉ်ကျေးမှုလို့ ခေါ်နိုင်မယ်ထင်ပါတယ်။

အတ္တ




- လာဘ်ပေးသူ/ ယူသူ အတ္တသည် အဂတိလိုက်စားမှုကျူးလွန်ရန် တွန်းအားဖြစ်
- ၎င်းတို့၏ လိုအပ်ချက် သို့မဟုတ် လိုချင်ဇောလောဘမှ မွေးဖွားလာသောအတ္တ
- လုပ်ပိုင်ခွင့်အရ Economic Rent လည်းဖြစ်နိုင်တဲ့အခြေအနေ၊ အလွဲလုပ်လို့လဲအရေးယူခံရဖို့အခွင့်အလမ်းနည်းပြီး ပေးသူဘက်ကရော ယူသူဘက်ကပါ အတ္တကလည်း တိုက်တွန်းနေပြီဆိုရင်တော့ အဂတိလိုက်စားမှုသေချာပေါက် ဖြစ်ပါပြီ။




- အခြေအနေတစ်ခုခုကြောင့်ပဲဖြစ်ဖြစ် မိမိအသိစိတ်ဓာတ်နဲ့ပဲဖြစ်ဖြစ် တာဝန်ယူတာဝန်ခံရမယ်လို့ ဆုံးဖြတ်လိုက်ပြီး တာဝန်ယူမှုတာဝန်ခံမှုကို မြှင့်တင်လိုက်ပြီဆိုရင် အဂတိလိုက်စားမှုကို ပြန်လည်ကျဆင်းစေမှာ ဖြစ်ပါတယ်။
- တာဝန်ယူ တာဝန်ခံစေတဲ့တွန်းအားဟာ မိမိ၏အသိစိတ်ဓာတ်ဖြင့်လည်းဖြစ်နိုင်သလို အခြေအနေတစ်ခုရဲ့ တွန်းအားကြောင့်လည်းဖြစ်တာကို သတိချပ်စေချင်ပါတယ်။ မိမိအသိစိတ်ဓာတ်နဲ့ တာဝန်ယူတာဝန်ခံခြင်းကတော့ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ပြောင်းလဲဖို့ခက်တဲ့ ခိုင်မာတဲ့ တာဝန်ယူမှုတာဝန်ခံမှုမျိုးပါပဲ။







- တာဝန်ယူမှုကို မိမိအသိစိတ်နဲ့လုပ်ဆောင်ဖို့ အဓိကတွန်းအားတစ်ခုကတော့ ကိုယ်ကျင့်သိက္ခာပါပဲ။
- ဖြောင့်မတ်တည်ကြည်မှု (Integrity) လို့ဆိုရပါမည်။
- လူတိုင်းကဖြောင့်မတ်တည်ကြည်မှုရှိရင် အဂတိလိုက်စားမှုကျဆင်းမှာ မြေကြီးလက်ခတ်မလွဲပါဘူး..

# ကိုဗစ် ၁၉ ကာလ နှင့် အဂတိလိုက်စားမှုအခြေအနေ (၃) ရပ်

- ပြည်ပကူးစက်မှုအခြေအနေ



- ပြည်တွင်းကူးစက်မှုအခြေအနေ



- လူထု၏ကြောက်ရွံ့မှုအခြေအနေ





## ပြည်ပကူးစက်မှုအခြေအနေ



- လုပ်ဆောင်ဖြစ်ထွန်းမှု
    - ပြည်ပပြန်များ Quarantine ဝင်ရခြင်း
- အခက်အခဲများ
    - ပြဿနာဟုထင်ခြင်း၊ ကူးစက်မည်ကို စိုးရိမ်ခြင်း၊ မလိုအပ်ဟု ထင်မြင်ခြင်း၊ အချိန်ကုန်သည်ဟု ထင်မြင်ယူဆခြင်း
- တွန်းအား
    - Quarantine မဝင်ချင်သူများ၏ လိုလားမှုအတွက်သည် ပြည်ပပြန်များအား စစ်ဆေးပေးရသူများ၏ လုပ်ပိုင်ခွင့်ကို Economic Rent ရနိုင်ချေသို့တွန်းပေး
    - Covid 19 ကာလ ကျပ်တည်းမှုနှင့် မူလလောဘကက လုပ်ပိုင်ခွင့်ရှိသူ၏ အတွက်ကိုတိုးမြှင့်ပေး

# ပြည်ပကူးစက်မှုအခြေအနေ



❖ အဂတိလိုက်စားမှုဖြစ်နိုင်ချေ

- ခရီးသွားရာဇဝင်ကို လိမ်လည်လက်ခံပေးခြင်း
- Quarantine မဝင်ရအောင် လုပ်ဆောင်ပေးခြင်း

# ပြည်တွင်းကူးစက်မှုအခြေအနေ



❖ လုပ်ဆောင်ဖြစ်ထွန်းမှု

- Lock Down, Stay Home၊ စားဝတ်နေရေးထောက်ပံ့မှု

❖ အခက်အခဲများ

- အထောက်အပံ့ဖြန့်ဝေမှု၊ အကျိုးခံစားခွင့်ရှိသူသတ်မှတ်မှု၊ မရရှိသဖြင့် ပေါ်ပေါက်လာသော မကျေလည်မှုများ

❖ တွန်းအား

- စားဝတ်နေရေးမပြေလည်သူများ၏ လိုလားမှုနှင့် အတ္တများက ဝေခြမ်းရမည့်လုပ်ပိုင်ခွင့်ရှိသူကို Economic Rent ရနိုင်ခြေသို့တွန်းပေးမှု
- Covid 19 ကာလ ကျပ်တည်းနိုင်မှုနှင့် လောဘက လုပ်ပိုင်ခွင့်ရှိသူ၏ အတ္တကိုတိုးမြှင့်ပေးမှု

# ပြည်တွင်းကူးစက်မှုအခြေအနေ



❖ အဂတိလိုက်စားမှုဖြစ်နိုင်ချေ

- ရင်းနှီးသူများကိုသာပေးခြင်း
- အကုန်မပေးဘဲ ချန်ထားခြင်း

# လူထု၏ကြောက်ရွံ့မှုအခြေအနေ




❖ လုပ်ဆောင်ဖြစ်ထွန်းမှု

- သတင်းမှန်များရော ကောလာဟလများပါ ပျံ့နှံ့လာခြင်း
- Panic Buying ကြောက်ရွံ့၍ ဝယ်ယူခြင်းကြောင့် ဝယ်လိုအားများလာ၊ Supply နည်းလာခြင်း
- စားသုံးကုန်နှင့် ကျန်းမာရေးပစ္စည်းများ ဈေးအဆမတန်တက်လာခြင်း
- အွန်လိုင်းဈေးဝယ်ခြင်း၊ အိမ်အရောက်ပို့ခြင်းများ ပိုမိုလုပ်ဆောင်လာခြင်း
- ရောဂါကူးစက်မှုဒေသအလိုက်မတူညီ၊ Lock Down ပိတ်ဆို့မှုများလည်းမတူညီခြင်း
- ဗိုင်းရပ်စ်နှင့်ပတ်သက်၍ သံသယစိတ်များကြီးလာခြင်းတို့ဖြစ်သည်။

# လူထု၏ကြောက်ရွံ့မှုအခြေအနေ



❖ အခက်အခဲများ

- လွဲမှားသောကြောက်ရွံ့မှုများနှင့် အဆိုးမြင်မှုများရှိလာခြင်းကြောင့် ပစ္စည်းများဝယ်ယူရောင်းချပေးနိုင်သည့် စီးပွားရေး လုပ်ငန်းရှင်များ၏ လုပ်ပိုင်ခွင့်ကို Economic Rent ရနိုင်ခြေသို့တွန်းပေးခြင်း
- အွန်လိုင်းမှ ဝယ်ယူရသည့်အတွက် အတုအပရောင်းဝယ်မှုများဖြစ်လာခြင်းနှင့် ကုန်ပစ္စည်းရှားပါးပြတ်လပ်မှုကြောင့် အွန်လိုင်းမှ ရောင်းချပေးနိုင်သူများ၏ လုပ်ပိုင်ခွင့်ကို Economic Rent ရနိုင်ခြေသို့တွန်းပေးခြင်း
- ဒေသတစ်ခုမှ တစ်ခုသို့သွားလိုလျှင် ထောက်ခံစာများ လိုအပ်လာခြင်းကြောင့် ထောက်ခံစာ ထုတ်ပေးနိုင်သူများ၏ လုပ်ပိုင်ခွင့်ကို Economic Rent ရနိုင်ခြေသို့တွန်းပေးခြင်း

# လူထု၏ကြောက်ရွံ့မှုအခြေအနေ










❖ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ

- စီးပွားရေးလုပ်ငန်းရှင်များမှ ကိုယ်ကျိုးအတွက် မရှိမဖြစ်လိုအပ်သောပစ္စည်းများကို ဈေးများ အဆမတန်တင်ရောင်းခြင်း
- အွန်လိုင်းရောင်းချသူများမှ ကိုယ်ကျိုးအတွက် မရှိမဖြစ်လိုအပ်သောပစ္စည်းများအား အတုများဖြင့် အစားထိုးရောင်းချခြင်း
- ထောက်ခံချက်ရရှိရန် အပေးအယူများရှိခြင်း



## ကြီးကြပ်ထိန်းကျောင်းမှုကင်းမဲ့ခြင်း

- အထက်ပါ အဂတိလိုက်စားမှုဖြစ်နိုင်ချေများအား အဓိကတွန်းအားပေးနေမှုမှာ ရောဂါကူးစက်မှုအန္တရာယ်ကြောင့် ထဲထဲဝင်ဝင်ဖိဖိစီးစီး စောင့်ကြပ်ကြည့်ရှုနိုင်သည့်အခြေအနေရှိမနေပဲ ကြီးကြပ်ထိန်းကျောင်းမှုမှ ကင်းလွတ်နေနိုင်ခြင်းပင်ဖြစ်ပါသည်။



## အဂတိလိုက်စားမှုအားလျှော့ချနိုင်ခြေများ




- တာဝန်ယူမှုဖြင့် လျှော့ချရန်




- ကိုယ်ကျင့်သိက္ခာ၊ ဖြောင့်မတ်တည်ကြည်မှုဖြင့် လျှော့ချရန်




- ကြီးကြပ်ထိန်းကြောင်းမှုတို့ဖြင့် လျှော့ချသွားရန်

# အရေးပေါ်အခြေအနေနှင့် အဂတိလိုက်စားမှု – ၁




- ကိုဗစ်ကာလ အရေးပေါ်အခြေအနေတွင် အောက်ပါဥပဒေများဖြင့် ကိုင်တွယ်ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။
    - ➢ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ
    - ➢ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ
    - ➢ ရာဇသတ်ကြီး

# အရေးပေါ်အခြေအနေနှင့် အဂတိလိုက်စားမှု – ၂




- ထိုဥပဒေများတွင် အထူးလုပ်ပိုင်ခွင့်များ ပေးထားသော်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ရှုထောင့်မှ လုပ်ပိုင်ခွင့်ကိုပြန်လည်ထိန်းညှိသည့် ပြဋ္ဌာန်းချက်မျိုးအားနည်းနေပါသည်။
- ကျန်းမာရေးအန္တရာယ်ကြောင့် ပြည်သူအားလုံး စိုးရိမ်ကြောင့်ကြနေချိန်တွင် အဂတိလိုက်စားမှုများ ရှိလာပါက အောက်ခြေဝန်ထမ်းများသည် အနီးဆုံးသိနိုင်သည့် Whistleblower များဖြစ်လာနိုင်ပါသည်။

## ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ




- သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေတို့တွင် အဂတိလိုက်စားမှုများဖြစ်ပေါ်ပါက တိုင်ကြားနိုင်ရန်နှင့် ကိုင်တွယ်နိုင်ရန် ပြဋ္ဌာန်းပေးသင့်ပါသည်။
- သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ CPU များ၏ အရေးပေါ်ကာလ လုပ်ပိုင်ခွင့်များကို အတိအကျပြဋ္ဌာန်းပေးသင့်ပါသည်။
- သတင်းပေးတိုင်ကြားသူများအား ကာကွယ်သည့်ဥပဒေ (Whistleblower Protection Law) ကို အမြန်ဆုံးပြဋ္ဌာန်းသင့်ပါသည်။